
စိတ်ကူးချိုချိုအနုပညာ
mgyoe.com

# ရွှင်ပျော်ပျော်
# အောင်မြင်ရေးအိုင်ဒီယာများ

## ကျော်ရင်မြင့်



mgyoe.com

“အကြံကောင်းရင်တစ်ချက်၊ ကံကောင်းရင်တစ်သက်” ဆိုတဲ့စကားက ရှိတော့ အောင်မြင်ဖို့ရာ “ကြံရည်ဖန်ရည်” ကလည်း အရေးကြီးတယ်လို့ မြင်ပါတယ်။ ကြံတတ်ဖန်တတ်ဖို့ အိုင်ဒီယာက အရေးပါတယ်။

“သတိမမူ ဂုမမြင်” ဆိုတဲ့စကားကလည်း ရှိသေးတယ်။ သတိထားပြီး ကြည့်တတ်ရှုတတ်၊ ရှာတတ်ဖွေတတ်ရင် အောင်မြင်ဖို့လမ်းစ တွေ့ရမှာ မလွဲဘူး။ တက်ကျမ်းတွေလည်း ဖတ်လက်စ ဆက်ဖတ်ကြတာပေါ့။

ကြည့်တတ်မြင်တတ် ရှာတတ်ဖွေတတ်ရင် ရယ်စရာမောစရာ ဟာသတွေထဲမှာလည်း အောင်မြင်ရေးနည်းလမ်းတွေ ပါတယ်။

အောင်မြင်ရေး အိုင်ဒီယာတွေ တွေ့ရမယ်။ အိုင်ဒီယာတွေကို ဖမ်းဆုပ်ကိုင်တတ်မယ်ဆိုရင် အလုပ်ဖြစ်တယ်။ စာရေးသူက “ဟာသ” ကို ဝါသနာပါတယ်။

ဟာသပြောတတ်သူတွေ ပြောတဲ့အခါ မှတ်သားထားသလို၊ ဟာသစာအုပ်တွေ ဖတ်တယ်။ နိုင်ငံတကာက ဟာသတွေကို အင်တာနက်ကလည်း ရှာဖွေဖတ်တယ်။ ဟာသတွေကို စုဆောင်းထားရှိတယ်။ ဟာသတွေထဲမှာ စဉ်းစားဆင်ခြင် သိမြင်စရာလေးတွေ တွေ့ရတဲ့အခါ သီးခြားစုစည်းထားမိတယ်။

ယခုစာအုပ်မှာ ဒါလေးတွေကို မျှဝေပါတယ်။ ဘဝမှာ တစ်ခါတစ်ရံ ဘဝအမောတွေနဲ့ ပင်ပန်းတယ်။ စိတ်ဓာတ် ကျချင်တယ်။ ထွက်ပေါက်မရှိတော့ သလို ခံစားရတယ်။ ဆက်မကြိုးစားဘဲ လက်လျှော့လိုက်ချင်တယ်။

ဒီလိုအခါမျိုးမှာ ရယ်မောစရာလေးတွေ ဖတ်ရှုခံစားလိုက်ရင် အတွေးသစ်အမြင်သစ် အားအင်သစ်တွေ ရနိုင်ပါတယ်။ ဒီဖြစ်ရပ်တွေက တကယ်မဟုတ်ဘဲ ဟာသအမြင်နဲ့ ရေးထားတာတွေဖြစ်တယ်။

ပျော်စရာရွှင်စရာ ဟာသတွေသာ ဖြစ်ပါတယ်။

ဒီထဲက “အိုင်ဒီယာ” ကိုပဲ ဆွဲထုတ်ယူကြမယ်။

အိုင်ဒီယာအချို့ကတော့ “ညစ်ဉာဏ်” တွေ ဖြစ်ပါတယ်။

ညစ်ဉာဏ်ကို ယူဖို့ မဟုတ်ဘဲ အညစ်မခံရအောင် ညစ်ဉာဏ်ကိုသိဖို့ ရည်ရွယ်ပါတယ်။ အဓိကကတော့ “အိုင်ဒီယာ” ကို မိဖို့ပါ။

“အိုင်ဒီယာ” တွေကို ကိုယ့်ဘဝမှာ အပ်စပ်အောင် အသုံးချတတ်ဖို့ပါ။ ပျော်ပျော်ရွှင်ရွှင်နဲ့ အောင်မြင်ရေးပန်းတိုင်ကို ချီတက်ကြပါစို့။

ISBN 9789997118943
KYM3
9 789997 118943
1,500.00KS

ရှင်ပျော်ပျော် အောင်မြင်ရေး အိုင်ဒီယာများ ကျော်ရင်မြင့်
မျက်နှာဖုံးနှင့် အတွင်းသရုပ်ဖော် - တော်တီဆွေ
မျက်နှာဖုံးလက်ရေး - ဗေသစ်တည်
စာမျက်နှာ ၁၃၄+ မျက်နှာ၊ ၁၃·၂ စင်တီ x ၁၉·၃ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ စက်တင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁ ၅ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com
mgyoe.com

mgyoe.com

# အခိုင်ဒိယာများ


| | | |
|---|---|---|
| – | မိတ်ဆက် | က |
| ၁။ | အလုပ်ကြိုးစားဟန်ဆောင်နည်း (၉)နည်း | ၁ |
| ၂။ | စီးပွားရေးပြိုင်ဘက် | ၅ |
| ၃။ | အပြိုင်အဆိုင် အနိုင် | ၇ |
| ၄။ | ပိုပိုပြီး ချမ်းသာတဲ့နည်း | ၁၀ |
| ၅။ | စိတ်တော်သိ | ၁၂ |
| ၆။ | စီးပွားရေးဗျူဟာ | ၁၅ |
| ၇။ | ဖြတ်ထိုးဉာဏ် | ၁၈ |
| ၈။ | စီးပွားရေးလောကဆိုတာ | ၁၉ |
| ၉။ | အဆင်ပြေမှာပါ | ၂၁ |
| ၁၀။ | ယောက္ခမပျောက်လို့ | ၂၄ |
| ၁၁။ | သတိ အန္တရာယ်ရှိသည် | ၂၆ |
| ၁၂။ | နောက်ကျမယ်နော် | ၂၇ |
| ၁၃။ | အသက်ကြီးတော့ တစ်နည်းသာ | ၂၈ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၄။ | ဝင်ပဲဝင်စေ မထွက်စေနဲ့ | ၃၁ |
| ၁၅။ | မရှိမဖြစ်လူ ဘယ်သူလဲ | ၃၄ |
| ၁၆။ | စအိုပုံပြင် | ၃၇ |
| ၁၇။ | နှစ်ခါ သည်းမခံဘူး | ၃၉ |
| ၁၈။ | ဟာန်းနီးမွန်း ခွင့် | ၄၁ |
| ၁၉။ | မရှိလည်းဖြစ် | ၄၃ |
| ၂၀။ | အိကွေးရှင်း | ၄၅ |
| ၂၁။ | မတူရင်မတုနဲ့ | ၄၆ |
| ၂၂။ | တစ်သန်းတန် အကြွားပြိုင်ပွဲကြီး | ၄၈ |
| ၂၃။ | ဖြတ်ထိုးဉာဏ် | ၅၃ |
| ၂၄။ | လိုရင်းတိုရှင်း | ၅၅ |
| ၂၅။ | ချက်ကျကျ | ၅၈ |
| ၂၆။ | ပြိုင်ဘက်ပီပီ | ၆၀ |
| ၂၇။ | ငရဲပြည်က Message | ၆၂ |
| ၂၈။ | အကွက်မြင်သူ | ၆၃ |
| ၂၉။ | ဖြောင့်မတ်မှန်ကန်သူ | ၆၅ |
| ၃၀။ | အဆိပ်သီး | ၆၈ |
| ၃၁။ | နှစ်ဆ နှစ်ဆ | ၇၁ |
| ၃၂။ | အကြွေးတောင်းနည်း | ၇၃ |
| ၃၃။ | တတ်တဲ့ပညာ မနေသာ | ၇၅ |
| ၃၄။ | ကြိုတင်ဝယ်ထား ကြီးပွား | ၇၇ |
| ၃၅။ | သေဖို့ သေချာပြီ ပြောတဲ့အခါ | ၈၀ |
| ၃၆။ | တိုကင်ဆိုတာ ပိုက်ဆံပါပဲ | ၈၃ |
| ၃၇။ | ဝက်မှာ ခြေချောင်းဘယ်လောက်ရှိလဲ | ၈၄ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၃၈။ | အောင်မြင်ခြင်းရဲ့သော့ချက် | ၈၇ |
| ၃၉။ | ကမ္ဘာ့ရန် ဖြစ်ရခြင်း အကြောင်းရင်း | ၈၉ |
| ၄၀။ | အတုံ့အလှည့် | ၉၂ |
| ၄၁။ | ၁၀၀ မှာ ၉၉ ယောက် | ၉၅ |
| ၄၂။ | သူခိုးလမ်းပြ | ၉၈ |
| ၄၃။ | တန်ဖိုးထားတဲ့ဟာ | ၁၀၁ |
| ၄၄။ | အကြံပိုင်သော လူကြီးမင်း | ၁၀၄ |
| ၄၅။ | မြဲမြဲသာ ဆုပ်ထားပါ | ၁၀၆ |
| ၄၆။ | ပါးရိုက်သံ | ၁၀၉ |
| ၄၇။ | တန်ရာတန်ကြေး | ၁၁၂ |
| ၄၈။ | ပြီးရုံပဲ ပြီးတာလား | ၁၁၃ |
| ၄၉။ | သက်သာတဲ့ဈေး | ၁၁၄ |
| ၅၀။ | ၂၄ နာရီအတွင်း | ၁၁၆ |
| ၅၁။ | ကပ်စေးနဲ | ၁၁၇ |
| ၅၂။ | စိတ်ရှည်ရမယ် | ၁၁၈ |
| ၅၃။ | စီးပွားရှာနည်း | ၁၂၀ |
| ၅၄။ | သတို့သမီးရင့်ရင့် | ၁၂၂ |
| ၅၅။ | စပါယ်ရှယ်ကွာလတီ | ၁၂၄ |
| ၅၆။ | သူခိုးပေါက် | ၁၂၅ |
| ၅၇။ | နောက်ပြောင်ခြင်း သည်းခံပါ | ၁၂၆ |
| ၅၈။ | အတွက်အချက် ချန်ပီယံ | ၁၂၉ |
| ၅၉။ | နှုတ်ပိတ်ဆေး | ၁၃၁ |
| ၆၀။ | ဉာဏ်စွမ်းပြိုင်ပွဲ | ၁၃၂ |



◆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



# မိတ်ဆက်

လူတိုင်း အောင်မြင်မှုရချင်တယ်။

အောင်မြင်မှုနည်းလမ်းတွေ ရှာဖွေနေကြတယ်။

နည်းလမ်းကောင်းတွေ တွေ့လိုတွေ့ငြား "တက်ကျမ်း" တွေထဲမှာ လိုက်လံရှာဖွေနေကြသူတွေလည်း မနည်းဘူး။ "သိုက်စာဖတ်ရာ နားထောင်ပါ၊ ဥစ္စာရနိုးနိုး" ဆိုတာလိုပဲ တွေ့လိမ့်နိုးနိုးနဲ့ ရှာဖွေနေကြတာလည်း မမောနိုင်မပန်းနိုင်ပါပဲ။ အောင်မြင်မှုနည်းလမ်းတွေကို တွေ့ချင်တဲ့ဆန္ဒနဲ့ "အောင်မြင်ခြင်းသိုက်စာ" ဖတ်ရင်း "ဉာဏ်အလင်းပွင့်"ပြီး အောင်မြင်မှုလမ်းကြောင်းပေါ် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားသူတွေလည်း ရှိတာပေါ့။

"အကြံကောင်းရင်တစ်ချက်၊ ကံကောင်းရင်တစ်သက်" ဆိုတဲ့ စကားကရှိတော့ အောင်မြင်ဖို့ရာ "ကြံရည်ဖန်ရည်"ကလည်း အရေးကြီးတယ်လို့ မြင်ပါတယ်။ "ကြံတတ်ဖန်တတ်ဖို့ အိုင်ဒီယာက အရေးပါတယ်။" သတိမမူ ဂူမမြင် ဆိုတဲ့စကားကလည်း ရှိသေးတယ်။ သတိထားပြီး ကြည့်တတ်ရှုတတ်၊ ရှာတတ်ဖွေတတ်ရင် အောင်မြင်ဖို့လမ်းစ တွေ့ရမှာ

mgyoe.com

mgyoe.com



မလွဲဘူး။

တက်ကျမ်းတွေလည်း ဖတ်လက်စ ဆက်ဖတ်ကြတာပေါ့။

ကြည့်တတ်မြင်တတ် ရှာတတ်ဖွေတတ်ရင် ရယ်စရာမောစရာ ဟာသတွေထဲမှာလည်း အောင်မြင်ရေးနည်းလမ်းတွေပါတယ်။ ဟာသကို လူတိုင်း ချစ်တယ်။ ဟာသဆိုတာ ပေါ့ပေါ့ပါးပါးလည်းရှိတယ်။ ဟာသကို နက်နက်ရှိုင်းရှိုင်း ခံစားကြည့်ရင် အောင်မြင်ရေး အိုင်ဒီယာတွေ တွေ့ရမယ်။ အိုင်ဒီယာတွေကို ဖမ်းဆုပ်ကိုင်တတ်မယ်ဆိုရင် အလုပ်ဖြစ်တယ်။

စာရေးသူက "ဟာသ"ကို ဝါသနာပါတယ်။ ဟာသပြောတတ်သူတွေ ပြောတဲ့အခါ မှတ်သားထားသလို၊ ဟာသစာအုပ်တွေ ဖတ်တယ်။ နိုင်ငံတကာက ဟာသတွေကို အင်တာနက်ကလည်း ရှာဖွေဖတ်တယ်။ ဟာသတွေကို စုဆောင်းထားရှိတယ်။ ဟာသတွေထဲမှာ စဉ်းစားဆင်ခြင်သိမြင်စရာလေးတွေ တွေ့ရတဲ့အခါ သီးခြားစုစည်းထားမိတယ်။ ယခုစာအုပ်မှာ ဒါလေးတွေကို မျှဝေပါတယ်။ ဘဝမှာ တစ်ခါတစ်ရံ ဘဝအမောတွေနဲ့ ပင်ပန်းတယ်။ စိတ်ဓာတ်ကျချင်တယ်။ ထွက်ပေါက်မရှိတော့သလို ခံစားရတယ်။ ဆက်မကြိုးစားဘဲ လက်လျှော့လိုက်ချင်တယ်။ ဒီလိုအခါမျိုးမှာ ရယ်မောစရာလေးတွေ ဖတ်ရှုခံစားလိုက်ရင် အတွေးသစ်အမြင်သစ် အားအင်သစ်တွေ ရနိုင်ပါတယ်။

ဒီဖြစ်ရပ်တွေက တကယ်မဟုတ်ဘဲ ဟာသအမြင်နဲ့ ရေးထားတာတွေဖြစ်တယ်။ ပျော်စရာရွှင်စရာ ဟာသတွေသာ ဖြစ်ပါတယ်။ ဒီထဲက "အိုင်ဒီယာ"ကိုပဲ ဆွဲထုတ်ယူကြမယ်။ အိုင်ဒီယာအချို့ကတော့ "ညစ်ဉာဏ်"တွေ ဖြစ်ပါတယ်။ ညစ်ဉာဏ်ကိုယူဖို့ မဟုတ်ဘဲ အညစ်မခံရအောင် ညစ်ဉာဏ်ကိုသိဖို့ ရည်ရွယ်ပါတယ်။

အဓိကကတော့ "အိုင်ဒီယာ"ကိုမိဖို့ပါ။ "အိုင်ဒီယာ"တွေကို ကိုယ့်

mgyoe.com

mgyoe.com



ဘဝမှာ အပ်စပ်အောင် အသုံးချတတ်ဖို့ပါ။ ပျော်ပျော်ရွှင်ရွှင်နဲ့ အောင်မြင်ရေး ပန်းတိုင်ကို ချီတက်ကြပါစို့။

◆

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

## အလုပ်ကြိုးစားဟန်ဆောင်နည်း(၉)နည်း

အချို့သူတွေက အလုပ်ကိုကြိုးစားလုပ်ပေမဲ့ လူကြီးရဲ့ အသိအမှတ်ပြုတာ မခံရဘူး။ အခွင့်အရေးပေးတဲ့အခါ ကျန်နေရစ်တယ်။ ရာထူးတိုးတဲ့ အချိန်မှာ မပါဘူး။ အချို့သူတွေက အလုပ်သိပ်မလုပ်ပေမဲ့ လူကြီးရဲ့ မျက်နှာသာ အပေးခံရတယ်။ ရာထူးတိုးစရာရှိတော့ ထိပ်ဆုံးက။ လူကြီးက အမှန်ကိုမသိဘဲ အလုပ်လုပ်တယ်လို့လည်း အထင်ခံရသေးတယ်။ အဲဒီလိုလူတွေမှာ ဗျူဟာရှိတယ်။ သူတို့ဗျူဟာကို လေ့လာပြီး သူတို့ပေးတဲ့အကြံကို စဉ်းစားဝေဖန်ဖို့ ဖော်ပြလိုက်ပါတယ်။

(၁) အလုပ်ခွင်ကနေ အပြင်ကိုထွက်တဲ့အချိန်မှာ ကိုယ့်လက်ထဲ စာရွက်စာတမ်း ဒါမှမဟုတ် မှတ်စုစာအုပ်တစ်အုပ်ကို ကိုင်သွားပါ။ ဒါမှ ကိုယ့်အကြီးအကဲကရော အခြားသူတွေကပါ မြင်ရင် ဒီပုဂ္ဂိုလ်ဟာ အရေးကြီးတဲ့ အစည်းအဝေး၊ ဆွေးနွေးရမယ့်ကိစ္စအတွက် သွားတယ်ထင်မယ်။ လက်ဗလာနဲ့ အလုပ်ခွင် အပြင်ထွက်တဲ့သူကို လက်ဖက်ရည်ဆိုင်သွားပြီး လေပန်းမယ့်သူလို့ အထင်ခံရတတ်တယ်။ လက်ထဲမှာ

mgyoe.com

mgyoe.com


သတင်းစာ၊ ဂျာနယ်ကိုင်သွားရင်တော့ ဒီပုဂ္ဂိုလ် သန့်စင်ခန်းသွားတာလို့ ထင်မယ်။

(၂) ညနေ အလုပ်ဆင်းချိန်မှာ ဖိုင်တွဲတွေ၊ လက်ဆွဲအိတ်တွေ တနင့်တပိုး အိမ်ကိုသယ်သွားပါ။ ဒီလို သယ်ယူသွားတဲ့ သူကို အလုပ်သိပ်လုပ်တဲ့လူ၊ အလုပ်ကို အိမ်တောင်မှ ယူလုပ်တဲ့လူလို့ အထင်ခံရတတ်တယ်။

(၃) ကွန်ပျူတာသုံးတဲ့ အလုပ်ခွင်ဆိုရင် မျက်နှာနဲ့ကွန်ပျူတာ သိပ်မခွာပါနဲ့။ အင်တာနက်ထဲက ဟာသတွေဖတ်ချင် ရှာဖတ် ။ အီးမေးလ်တွေဘာတွေ ပြန်ရင်ပြန်။ ကိုယ့်အကြွေး စာရင်းဖြစ်ဖြစ် ဇယားချချင်ချနေပါ။ Facebook တော့ မဖွင့်နဲ့၊ Facebook ဒီဇိုင်းကို အဝေးကပင် မြင်နိုင်တယ်။

(၄) အလုပ်စားပွဲမှာ ဖိုင်တွေ၊ စာရွက်တွေနဲ့ ရှုပ်နေပါစေ။ ဒါမှ အလုပ်လုပ်တယ် အထင်ခံရမှာ။ ကိုယ့်ဘေးပတ်လည်မှာ လည်း လမ်းညွှန်စာအုပ် ( directory) လို အဘိဓာန်စာအုပ် (dictionary) လို စာအုပ်ထူထူကြီးတွေ ရှိပါစေ။

(၅) ကြည့်လိုက်ရင် အလုပ်များနေသလိုလို ပုံဖမ်းပါ။ စိတ်မရှည် သလို မျက်မှောင်ကုတ်နေတာ ဘော့စ်မြင်ရင် အလုပ်များသူ အထင်ခံရတယ်။

(၆) ကိုယ့်အထက်လူကြီး ရုံးမဆင်းသေးဘဲ အိမ်မပြန်ပါနဲ့။ ဝတ္ထု တွေ၊ စာစောင်တွေဖတ်ပြီး အချိန်ဖြုန်းလို့ရတယ်။ အကြီး အကဲက အမြဲတမ်း ရုံးဆင်းနောက်ကျလေ့ရှိရင် ကိုယ်က သူများတွေပြန်ပြီးတဲ့အထိ အောင့်ပါ၊ စောင့်ပါ။ ကိုယ်ပြန်တဲ့ အခါ အကြီးအကဲရဲ့ ရုံးခန်းရှေ့က ဖြတ်လျှောက်ပါ။ (ဖြစ် နိုင်သမျှ) သူမြင်တွေ့အောင်လုပ်ပြီးမှ ရုံးဆင်းပါ။

mgyoe.com

mgyoe.com


(၇) လိုအပ်တဲ့အချိန်မှာ အာကျယ်ပါ။ ဝိုင်းဝန်းဆွေးနွေးဆုံးဖြတ်ကြချိန်မှာ ကိုယ်က အသံကျယ်ကျယ် ဆွေးနွေးပါ။ ဘော့စ်က ကိုယ့်ကို တကယ်အလုပ်လုပ်သူ၊ အတွေးအမြင်ရှိသူအဖြစ် အထင်ကြီးမယ်။

(၈) စာတွေဖတ်ပါ၊ မှတ်ပါ။ စီးပွားရေးလုပ်ငန်းနဲ့ ပတ်သက်တဲ့ သီအိုရီတွေ ဘာတွေညာတွေဖတ်ပြီး ဘော့စ်နဲ့ စကားပြောတဲ့အခါ ထည့်ပြောပါ။ ကိုယ်ပြောတဲ့ လေကြီးလေကျယ်တော်တော်များများကို ဘော့စ်က မသိပေမဲ့ သိဟန်ဆောင်မယ်၊ ကိုယ်နဲ့ ရေလိုက်ငါးလိုက်ပြောမယ်။ ပြီးတော့ ကိုယ့်ကို အထင်ကြီးပါလိမ့်မယ်။

(၉) အဓိကအကျဆုံးကတော့ ဒီအချက်အလက် (၉) ချက်ကို ရွှေစည်းမျဉ်းလို သဘောထားပြီး လျှို့ဝှက်ပါ။ ဘော့စ် မသိပါစေနဲ့။

ကိုးနဝင်းကြေရင် အနေချောင်ပြီး ရာထူးတိုးပါသတဲ့။

◆

mgyoe.com

mgyoe.com

## စီးပွားရေးပြိုင်ဘက်


စီးပွားရေးဆိုတာကတော့ သူနိုင်ကိုယ်နိုင် အပြိုင်နွှဲရတတ်တယ်။ တစ်ခါတစ်ရံမှာ ဒီဘက်အိမ်က မုန့်ဟင်းခါးရောင်းတာ အဆင်ပြေရင် ကပ်လျက်အိမ်က မုန့်ဟင်းခါး လိုက်ရောင်းတာမျိုးလည်း ခံရတတ်တယ်။ အကြံတူရင် နောက်လူက သာသွားတတ်တာလည်း ရှိသေးတယ်။ ဒီလိုကြုံတဲ့အခါ ဉာဏ်ချင်းပြိုင်ရတတ်တယ်။

အိမ်ချင်းကပ်လျက် အခန်းချင်းကပ်လျက် အပြိုင်စီးပွားရှာရင်း ဖိုက်ရတဲ့အခါလည်း ရှိတယ်။ ဟောဒီမှာ ဖိုက်တင်းတစ်ပွဲ။

အိမ်မှာ စတိုးဆိုင်လေးဖွင့်တာ အဆင်ပြေတယ်။ ကပ်လျက်အိမ်ကလည်း ကိုယ်အဆင်ပြေတာ သွားရည်ယိုပြီး စတိုးဆိုင်လိုက်ဖွင့်တယ်။ ဒါတွင်ဘယ်ကမှာလဲ၊ သူ့ဆိုင်မှာ ဗီနိုင်းနဲ့ ဆိုင်းဘုတ်ကြီး တင်ပါလေရောလား။ "အထူးလျှော့ဈေးတဲ့"။ ဈေးဝယ်တွေက သူ့ဆိုင်ထဲပဲ ဝင်ဝင်သွားကြတယ်။ ဒီဘက်က မူလပထမက ငေးပဲကြည့်နေရတော့တယ်။ နောက်

mgyoe.com

mgyoe.com




တော့ မနေသာတော့ ဒီဘက်က ဆိုင်အဝင်တံခါးမှာ စာတန်းထတင်တယ်။ "ပင်မဝင်ပေါက်တဲ့"။

ဝိုး...။ လူတွေက ဒီဘက်ဆိုင်ပေါက်ကပဲ လိုမ့်ဝင်လာကြပါရောလား။

◆

mgyoe.com

mgyoe.com

# အပြိုင်အဆိုင် အနိုင်

လူအင်မတန်စည်ကားတဲ့ ပွဲတော်တစ်ခုပါ။

ပွဲတော်မှာ အလုပ်အဖြစ်ဆုံးက ဘယ်လုပ်ငန်းမျိုး ထင်ပါသလဲ။ စားသောက်ဆိုင်လား၊ တည်းခိုခန်းလား၊ ဒါမှမဟုတ် ဖျော်ဖြေရေး ပွဲလမ်းသဘင်တွေလို့ ထင်ပါသလား။

အမြတ်အစွန်းကြီးတဲ့ လုပ်ငန်းတစ်ခုကတော့ "အိမ်သာတဲ့။ ဝေဒနာကို အောင့်မထားနိုင်ကြတော့ ပွဲတော်ကိုလာသူတိုင်း မဖြစ်မနေ အားပေးရတာ" အိမ်သာ ဖြစ်ပါတယ်။

စားသောက်ဆိုင်ပိုင်ရှင်တစ်ယောက်က ဆိုင်နဲ့တွဲပြီး အခပေး အိမ်သာပါဖွင့်ထားတာ အင်မတန် ဟန်ကျတာကို ဆိုင်နီးနားချင်းက သဘောကျတယ်။ ဒါကြောင့် နောက်တစ်နှစ် ပွဲတော်ရက် မတိုင်မီမှာ အိမ်သာအသစ်တစ်လုံးဆောက်ပြီး ပွဲတော်ရက်မှာဖွင့်တာ အလွန်ပဲ အောင်မြင်ပါသတဲ့။

အောင်မြင်ဖို့အတွက် အိမ်သာလုပ်ငန်းရှင်က အိုင်ဒီယာတော့ ကူရတယ်။ ဘယ်လိုလုပ်သလဲဆိုတော့ နေ့စားအလုပ်သမားတွေငှားပြီး

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com


တစ်ဖက်လူရဲ့ အိမ်သာခန်းတွေထဲမှာ တစ်နေကုန် သွားထိုင်နေခိုင်းလိုက်တယ်။ တစ်ဖက်လူရဲ့အိမ်သာကို ဧည့်သည်လာတိုင်း "ဟောက်စ်ဖူးလ်"ဖြစ်နေတော့ အားလုံးက သူ့ဘက်ချည်း လိုမ့်လာပါလေရောတဲ့။

ကိုယ့်ကို အလဲအထိုးမခံရဖို့ ပြိုင်ဘက်ရဲ့ တိုက်ကွက်ကိုလည်း သိဖို့လိုမယ်။

◆

mgyoe.com

mgyoe.com

# ပိုပိုပြီး ချမ်းသာတဲ့နည်း

သူဌေးဖြစ်တယ်ဆိုတဲ့လူတွေဟာ အလကားမတ်တင်း စိုင်ကော်လို့ ချုံပေါ်ရောက်တဲ့လူ ရှားတယ်။ သူဌေးတိုင်းမှာ သူဌေးဖြစ်စေနိုင်တဲ့ အိုင်ဒီယာ ရှိကြတယ်။ သူဌေးတစ်ယောက်ကို ပိုပိုပြီး ချမ်းသာလာစေတာက သူများနဲ့မတူတဲ့ အိုင်ဒီယာကြောင့်ပါ။

စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်က နယူးယောက်မြို့တော် စီးတီးဘဏ် ချေးငွေဌာန မန်နေဂျာ ရှေ့မှောက်ရောက်လာတယ်။ စီးပွားရေးကိစ္စနဲ့ ဥရောပကို နှစ်ပတ်ကြာ ခရီးသွားရမှာဖြစ်ပြီး ဘဏ်ချေးငွေ ဒေါ်လာ(၅၀၀၀) ချေးယူချင်တယ်လို့ ပြောပါတယ်။ ချေးငွေမန်နေဂျာကလည်း ချေးငွေအတွက် အပေါင်ပစ္စည်း လိုအပ်တယ်လို့ပြောတယ်။ လုပ်ငန်းရှင်ကလည်း ဘဏ်ရှေ့မှာရပ်ထားတဲ့ သူရဲ့ ရိုးစ်ရွိုက် မော်တော်ကားကြီးရဲ့သော့ကို မန်နေဂျာလက် အပ်ပါတယ်။ ချေးငွေမန်နေဂျာကလည်း လိုအပ်မယ့် ဘဏ်ချေးငွေလျှောက်လွှာပုံစံတွေ ဖြည့်သွင်းစေပြီး တန်ဖိုးကြီး ရိုးစ်ရွိုက်ကားကြီးကို စစ်ဆေး လက်ခံရယူကာ ဒေါ်လာငွေ (၅၀၀၀) ထုတ်ပေးတယ်။ ဘဏ်ဝန်ထမ်းတစ်ယောက်ကလည်း ကားကြီး

mgyoe.com

mgyoe.com


ကို လုံခြုံတဲ့ဘဏ်ရဲ့မြေအောက်က ဂိုဒေါင်ထဲကို မောင်းသွင်းလိုက်ပြီး မိုးကာနဲ့ သေသေချာချာအုပ်ကာ ထိန်းသိမ်းထားလိုက်ပါတယ်။

နှစ်ပတ်ကြာတော့ စီးပွားရေးလုပ်ငန်းရှင် ပြန်ရောက်လာပြီး သူချေးယူသွားတဲ့ ငွေ ဒေါ်လာ (၅၀၀၀) ကို ပေးဆပ်တယ်။ ကျသင့်တဲ့ ဘဏ်တိုးငွေ (၁၅)ဒေါ်လာနဲ့ (၄၁) ဆင့်ကိုလည်း ပေးတယ်။

ချေးငွေမန်နေဂျာက စီးပွားရေးလုပ်ငန်းရှင်ကို သူတို့ဘဏ်နဲ့ ဆက်သွယ်ဆောင်ရွက်တာအတွက် ကျေးဇူးတင်ကြောင်းပြောတယ်။ ပြီးတော့ သူ့စိတ်ထဲ မရှင်းမလင်းဖြစ်နေလို့ပါဆိုပြီး ဆက်ပြောတာက လူကြီးမင်းရဲ့အကြောင်းကို လေ့လာစစ်ဆေးကြည့်တဲ့အခါ သန်းကြွယ်သူဌေးတစ်ယောက်ဖြစ်တာ တွေ့ရပါတယ်။ သန်းကြွယ်သူဌေးတစ်ယောက်က ဘာကြောင့် ဒေါ်လာ( ၅၀၀၀) လောက် ငွေပမာဏလေးကို ဘဏ်က ချေးယူရတာလဲလို့ မေးတယ်။

သန်းကြွယ်သူဌေးရဲ့ အဖြေကတော့ ရိုးရိုးရှင်းရှင်းလေးပါ။

"နယူးယောက်လို မြို့တော်ရဲ့ မြို့လယ်ကောင်မှာ အင်မတန်တန်ဖိုးကြီးတဲ့ ရိုးစ်ရွိုက်ကားကြီးတစ်စင်းကို (၁၅) ဒေါ်လာလောက်နဲ့ နှစ်ပတ်ကြာအောင် ဘယ်နေရာမှာ စိတ်ချလက်ချအပ်ထားခဲ့လို့ ရမှာလဲဗျာ။ ခင်ဗျားတို့ ဘဏ်ပဲရှိတာ" တဲ့။

ဟာသလို့မမြင်ဘဲ "အိုင်ဒီယာရှုထောင့်ကကြည့်ရင် သူဌေးတွေ သူဌေးဖြစ်လာတာ။ ပိုပိုပြီး ချမ်းသာကြွယ်ဝလာတာ "အိုင်ဒီယာ"က "လန်း"လို့ဆိုတာ တွေ့ရမယ်။

◆

mgyoe.com

mgyoe.com

# ၂ + ၂



mgyoe.com

mgyoe.com

## စိတ်တော်သိ

လူကြီးဆိုတာ ဘယ်လိုလူမျိုးကို ကြိုက်တတ်သလဲ။

သူဖြစ်ချင်တာကို ပြောစရာမလိုဘဲ အလိုက်တသိ လုပ်ပေးနိုင်တယ်ဆိုရင် ကြိုက်တာပေါ့။ အလုပ်အင်တာဗျူးတစ်ခု ဖတ်ကြည့်စမ်းပါ။

ဌာနကြီးတစ်ခုမှာ မန်နေဂျာခန့်ထားဖို့အတွက် ဘောစိက အင်တာဗျူးလုပ်နေတယ်။ မန်နေဂျာနေရာအတွက် လျှောက်ထားသူတိုင်းကို မေးခွန်းတစ်မျိုးတည်းပဲ မေးတယ်။ ပြီးတော့ မေးခွန်းက လွယ်လွယ်လေး။

မေးတဲ့မေးခွန်းက "၂ နဲ့ ၂ ပေါင်းရင် ဘာရသလဲ" တဲ့။ ပထမဆုံးဖြေတဲ့လူက ဂျာနယ်လစ်။ ဂျာနယ်လစ်က "၂၂ ရပါတယ်ခင်ဗျ" လို့ ဖြေပါတယ်။

ဒုတိယဖြေသူကတော့ ပရဟိတသမားပေါ့။ "၂ နဲ့ ၂ ပေါင်းရင် ဘာရသလဲ" ပါပဲ။ ပြန်ပြောတာက "အဖြေကိုတော့ ကျွန်မ မခန့်မှန်းတတ်ပါဘူး။ ဒါပေမဲ့ ဆရာနဲ့ အခုလို တွေ့ဆုံဆွေးနွေးခွင့်ရလို့ အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်" တဲ့။ တတိယမြောက်ဖြေဆိုသူက အင်ဂျင်နီယာ။ မေးခွန်းမေးပြီးချိန်မှာ slide rule ကိုထုတ်တယ်။

mgyoe.com

mgyoe.com


ပြီးတော့ ဟိုလုပ်ဒီလုပ် လုပ်တယ်။ Slide rule ကို မျက်မှောင်ကုတ်ကြည့်ပြီး သူ့အဖြေကိုပြောပါတယ်။ "ဖြစ်နိုင်တဲ့အဖြေကတော့ ၃.၉၉၉ နဲ့ ၄.၀၀၁ ပါ"တဲ့။ စတုတ္ထဖြေဆိုသူကတော့ ရှေ့နေပါ။ "၂ နဲ့ ၂ ပေါင်းရင် ဘာရသလဲ" လို့မေးပြီးတော့ သူ့ဒိုင်ယာရီစာအုပ်ကို လှန်တယ်။ "အချိန်ယူလို့ရရင် ရက်ချိန်းထပ်တောင်းပြီးမှ အဖြေပေးချင်ပါတယ်" ဆိုတော့ ဘောစိက ခေါင်းယမ်းတယ်။ ဒီတော့ ရှေ့နေက ထိုင်ရာကထပြီး အာပေါင်အာရင်းသန်သန်နဲ့ စပြောတယ်။ "ဦးစံထွားနဲ့ ငွေတိုက်မင်းကြီး အမှုတွဲအရ ၂ နဲ့ ၂ ပေါင်းရင် ၄ ဖြစ်ပါတယ်ခင်ဗျား"။

ပဉ္စမမြောက် ဖြေဆိုသူကတော့ စာရင်းကိုင်ပါ။ "၂ နဲ့ ၂ ပေါင်းရင် ဘာရသလဲ"လို့ မေးလိုက်တဲ့အခါ သူထိုင်နေရာကထတယ်။ ဝင်ပေါက်တံခါးမကြီးကို ပိတ်လိုက်တယ်။ ပြီးမှ သူထိုင်နေတဲ့ ကုလားထိုင်မှာ ပြန်ထိုင်ပါတယ်။ အင်တာဗျူးမေးခွန်းထုတ်တဲ့ ဘောစိဘက်ကို ကိုယ်ကိုင်းညွတ်ပြီး လေသံတိုးတိုးလေးနဲ့ ပြန်မေးတယ်။" ဆရာက ၂ နဲ့ ၂ ပေါင်းရင် ဘယ်လောက်ဖြစ်ချင်တာလဲခင်ဗျာ "တဲ့။

ဘောစိက သူ့ကို အလုပ်ခန့်ဖို့ ရွေးချယ်လိုက်ပါတယ်။

◆

mgyoe.com

mgyoe.com

# စီးပွားရေးဗျူဟာ


ရုံးကမိတ္တူကူးစက်ပျက်လို့ ဆားဗစ်စင်တာကို ဖုန်းလှမ်းဆက် တယ်။ ကျွမ်းကျင်ပညာရှင်တွေ ရောက်လာပြီး မိတ္တူကူးစက်ကို စစ်ဆေး ကြည့်ရှုတယ်။ စက်ကို သန့်ရှင်းရေးလုပ်ဖို့လိုတယ်။ စက်ဝယ်တုန်းက ပါလာတဲ့ ညွှန်ကြားလွှာစာရွက်ကို ဖတ်ကြည့်ပြီး ရုံးစာရေးတွေကိုယ်တိုင် ကိုယ့်ဟာကိုယ် အရင်ဆေးကြောကြည့်ပါလားလို့ ကုမ္ပဏီကလာတဲ့သူက အကြံပေးတယ်။ ဆားဗစ်စင်တာက သန့်ရှင်းဆေးကြောပေးရရင်တော့ (၁၀,၀၀၀/–) လောက်ကျမယ်တဲ့။

ဆားဗစ်စင်တာက ဝန်ထမ်းတွေ အလုပ်လုပ်ဖို့ ပျင်းပုံရတယ်လို့ ရုံးမန်နေဂျာက တွေးလိုက်တယ်။ သူတို့လုပ်ပေးရင် ( ၁၀,၀၀၀/–) ရမယ့်ကိစ္စမလုပ်ဘဲ ကိုယ့်ဟာကိုယ် ဆေးကြောသန့်စင်ဖို့ အကြံပေးတာ လို့ မြင်တယ်။ ဒါကြောင့် မိတ္တူကူးစက် ကုမ္ပဏီပိုင်ရှင်ကို တိုက်ရိုက် ဖုန်းဆက်တယ်။

" ဒီမှာ သူဌေးမင်း။ ခင်ဗျားလူတွေ မဟုတ်တာလုပ်နေပုံ သိရဲ့ လား"

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com


"ပြောပြပါဦးခင်ဗျာ။"

"မိတ္တူကူးစက်ပျက်လို့ လှမ်းခေါ်တော့ ရောက်လာတယ်။ စက်ကို ဆေးရမယ်တဲ့။ ကိုယ့်ဟာ ကိုယ်ဆေးပါတဲ့။ သူတို့ဆေးပေးရင် ခင်ဗျားတို့က( ၁၀,၀၀၀/–)ရမှာကို မလုပ်ဘဲ ကျုပ်ရုံးကဝန်ထမ်းတွေ ကိုယ်တိုင် လုပ်ဖို့ပဲ အကြံပေးသဗျ"

" ဒီကိစ္စဆိုရင်တော့ ကျွန်တော် သိပါတယ်။ မကျွမ်းကျင်တဲ့ ဝန်ထမ်းတွေ မိတ္တူကူးစက်ကို သူတို့ဘာသာဆေးရင် ပိုပျက်တတ်တော့ ကျွန်တော်တို့ကုမ္ပဏီက ပြုပြင်ပေးရတဲ့အတွက် (၁၀,၀၀၀/–) ထက်မက ပိုရလေ့ရှိသဗျ" တဲ့။

စီးပွားရှာတယ်ဆိုတာ ကွက်ကျော်မြင်တတ်ဖို့လည်း လိုသေးတာကိုး။

◆

mgyoe.com

mgyoe.com

## ဖြတ်ထိုးဉာဏ်

အခုအဖြစ်အပျက်အပေါ်မှာတော့ ဘာမျှ မိကျောင်းမင်း ရေကင်းပြ မလုပ်တော့ဘူးနော်။

အဖြစ်အပျက်ကတော့ ယခုလိုပါ။

ဥက္ကဋ္ဌကြီးရဲ့ ရုံးခန်းထဲကို ဥက္ကဋ္ဌကတော်က ပိတ်ထားတဲ့တံခါးကို မမျှော်လင့်ဘဲ တွန်းဖွင့်ပြီးဝင်အလာ၊ အတွင်းရေးမှူးမချောက ဥက္ကဋ္ဌရဲ့ ပေါင်ပေါ်မှာထိုင်လျက် ပက်ပင်းတွေ့ပါလေရော။ ဥက္ကဋ္ဌက မင်သေသေ နဲ့ ပြောတယ်။

"ကိုင်း၊ ဆက်ရေးစမ်း။ သို့ ဘတ်ဂျက်ဌာန။ ဘတ်ဂျက်ချွေတာရ သဖြင့် ကုလားထိုင်တစ်လုံးသာ ဝယ်ယူခြင်းကြောင့် အလုပ်လုပ်ရသည် မှာ အဆင်မပြေပါ"

◆

mgyoe.com

mgyoe.com

## စီးပွားရေးလောကဆိုတာ

ကျောင်းကဘွဲ့ရပြီး စီးပွားရေးလောကထဲကို ဝင်တော့မယ်ဆိုတဲ့ သားကို ဖခင် စီးပွားရေးလုပ်ငန်းရှင်က စက်ရုံကြီးထဲလိုက်ပြရင်း စက်ရုံခေါင်မိုးပေါ် ခေါ်သွားတယ်။

" သားကို စီးပွားရေးသင်ခန်းစာ နံပါတ်(၁)ကို အဖေပေးမယ်" လို့ ပြောတော့ သားဖြစ်သူက မျက်လုံးလေး ကလယ်ကလယ်နဲ့ ဖခင်ကို ပြန်ကြည့်တယ်။

"စက်ရုံခေါင်မိုးအစွန်းမှာ ရပ်လိုက်ပါ"

သားက ခေါင်မိုးစွန်းမှာရပ်ရင်း မရဲတရဲနဲ့ အောက်ငုံ့ကြည့်တော့ ခေါင်မိုးကအမြင့်ကြီး။ ကြောက်လို့ ဒူးတွေ တဆတ်ဆတ်တုန်လာတယ်။

" ကဲ၊ အောက်ကို ခုန်ချလိုက်စမ်း"

ဖအေကပြောတော့ သားက " အမြင့်ကြီးပဲအဖေ" လို့ ပြန်ပြောတယ်။ " စီးပွားရေးမှာ မင်း အောင်မြင်ချင်တယ်မဟုတ်လား" ဆိုတော့ " ဟုတ်ကဲ့ အဖေ"တဲ့။ " ဒါဆို မင်းငါ့ကို မယုံဘူးလား။ ငါက ခုန်ချဆိုရင်

mgyoe.com

mgyoe.com

ရဲရဲသာခုန်ချ"

သားဖြစ်တဲ့ချာတိတ်က မျက်စိကိုစုံမှိတ်လိုက်ပြီး စက်ရုံအမိုးစွန်းအမြင့်ထက်က ခုန်ချလိုက်တယ်။ မြေပြင်ကို ခွေးကျဝက်ကျကျပြီး ညာဘက်ခြေထောက် ကျိုးသွားတယ်။ ဖခင်ဖြစ်သူက မြေပြင်မှာ လဲလျောင်းပြီး ညည်းညူနေတဲ့ သားရှိရာကို အပြေးဆင်းသွားတယ်။ ပြီးတော့ သင်ခန်းစာ (၁) ကို စပြောတယ်။

"ဒါ မင်းအတွက် စီးပွားရေးသင်ခန်းစာ နံပါတ်(၁)ပဲ။ စီးပွားရေးမှာ ဘယ်သူ့မှ မယုံလေနဲ့။ မင့်အဖေအရင်းတောင်မှ မယုံနဲ့။ ယုံရင် မရှုမလှ ခံရမယ်မှတ်"

သင်ခန်းစာကတော့ ယူတတ်ရင် ရမှာပါပဲ။

◆

mgyoe.com

mgyoe.com

## အဆင်ပြေမှာပါ

လေယာဉ်ပေါ်မှာ ကပ်လျက်အတူတူထိုင်ရတဲ့ လူကိုကြည့်ရတာ တုန်တုန်ယင်ယင်နဲ့ ထိတ်လန့်နေပုံရတာမို့ ဂျွန်က နှစ်သိမ့်အားပေးပါတယ်။

"လေယာဉ်စီးဖို့ ကြောက်နေသလား"


"မ... မဟုတ်ပါဘူး။ ကျွန်တော်က ရီကာဂိုကို အလုပ်တာဝန်နဲ့ ပြောင်းရမှာပါ။ ရီကာဂိုမှာ လူဆိုးဂိုဏ်းတွေရှိတယ်။ ပစ်ကြခတ်ကြ သေကြကျေကြနဲ့တဲ့။ ရာဇဝတ်မှုတွေလည်း အများဆုံးမြို့လို့ သတင်းတွေက ဆိုတယ်"

ဂျွန်က ပြုံးလိုက်ပြီး ဆက်ပြောတယ်။

"ကျွန်တော် ရီကာဂိုမှာ တစ်သက်လုံး နေလာတာပါ။ မီဒီယာတွေ ပြောသလောက်လည်း မဆိုးပါဘူးဗျာ။ ဟိုရောက်ရင် အလုပ်နဲ့နီးတဲ့ အိမ်ကောင်းကောင်းတစ်လုံးရှာ။ ကိုယ့်အလုပ်သာကိုယ် အာရုံစိုက်။ ကလေးတွေကို ကျောင်းကောင်းကောင်းမှာအပ်ပြီး ပညာသင်ပေးပေါ့။ ကျွန်တော်ဖြင့် ရီကာဂိုမှာ စီးပွားရှာတာ ၁၄ နှစ်ရှိပါပြီ။ အလုပ်အကိုင်

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


အဆင်ပြေပါတယ်"

ဧည့်သည် သိသိသာသာ စိတ်အေးသွားပုံရတယ်။ လက်တွေ တဆတ်ဆတ်တုန်နေတာ ရပ်သွားပြီး သက်ပြင်းချတယ်။ အခုမှ စပြီး ပြုံးနိုင်လာပါတယ်။

"ကျေးဇူးတင်လိုက်တာဗျာ။ ကျွန်တော်က သေရမှာ သိပ်ကြောက်တာ ခင်ဗျ။ မိတ်ဆွေက ရှီကာဂိုမှာ နှစ် ၂၀ ကျော် လုပ်ငန်းလုပ်တာ အဆင်ပြေတယ်ကြားရလို့ ဝမ်းသာပါတယ်။ ဒါနဲ့ မိတ်ဆွေက ဘာလုပ်ငန်းများ လုပ်ပါသလဲခင်ဗျာ"

"သေနတ်ရောင်းတဲ့ဆိုင် ဖွင့်ထားတာ"

အဖြေလည်းကြားရော။ ဧည့်သည်ဟာ လက်ပါမက ဒူးတွေပါ တဆတ်ဆတ် တုန်ပါလေရော။

တစ်ခါတစ်ရံမှာ သူအဆင်ပြေတာကိုက ကိုယ်အဆင်မပြေဖို့လည်း ဖြစ်တတ်ပါတယ်။

◆

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

## ယောက္ခမ ပျောက်လို့

သမက်နဲ့ ယောက္ခမဆိုတာ ကမ္ဘာဦးကတည်းက အချစ်ကြီး ချစ်ခဲ့ကြတာနဲ့ တူပါရဲ့။

အဖြစ်အပျက်က ယခုလိုပါ။

လူတစ်ယောက် မီးသတ်တပ်ဖွဲ့မှူး ရုံးခန်းထဲဝင်လာပြီး ယောက္ခမ ကြီးပျောက်နေလို့ တိုင်ချက်လာဖွင့်တယ်။

"လူကြီးမင်းကို ဆောင်ရွက်မပေးနိုင်တဲ့အတွက် ဆောရီးပါ" လို့ မီးသတ်တပ်ဖွဲ့မှူးကပြောတော့ အဲဒီလူက မျက်လုံးကလေး ပေကလတ် ပေကလတ် လုပ်နေတယ်။ မီးသတ်တပ်ဖွဲ့မှူးက သူ့ကို အကြံပေးပါတယ်။

"ကျွန်တော်တို့က မီးသတ်တပ်ဖွဲ့ပါ။ လူပျောက်တိုင်တာဆိုရင် တော့ ရဲစခန်းသွားတိုင်ပါ"တဲ့။

အဲဒီလူ ခေါင်းကုတ်တယ်။ ပြီးတော့မှ လေသံလေးလေးပင်ပင် ကြီးနဲ့ ဆက်ပြောတယ်။

"အရင်တစ်ခါ သူပျောက်သွားတုန်းက ရဲစခန်းသွားတိုင်တာ ရဲတွေက ပြန်ရှာလာတယ်ဗျာ" ။

◆

mgyoe.com

mgyoe.com

## သတိ အန္တရာယ်ရှိသည်

ရုံးတို့၊ ရဲတို့ဆိုတာ မပတ်သက်လေကောင်းပါ။

လူတွေရဲ့ဒေါသတွေ၊ မာနတွေ၊ မခံချင်စိတ်တွေ ဘာတွေညာတွေကြောင့် "ငါ့ ဘာမှတ်လို့လဲ ဆိုတဲ့ အတွေးတွေနဲ့ မခံနိုင်မရပ်နိုင်ဖြစ်ကာ" အမှန်တရားရှာမယ် ရည်ရွယ်ချက်နဲ့ တရားရုံးတွေ၊ ရှေ့နေတွေ၊ ရဲတွေနဲ့ ပတ်သက်မိတတ်ပါတယ်။ အမှန်တရားကို တွေ့တာ၊ မတွေ့တာ နောက်ထား ဒုက္ခတော့ အရင်ဆုံး တွေ့ကြရမြဲပါ။ စီးပွားရေး ကြီးပွားရေးဘက်မှာ အားလျော့ပြီး အချိန်ကုန်မယ်၊ ငွေကုန်မယ်၊ အားကုန်မယ်၊ မိတ်ဆွေပျက်မယ်။

ဒါကြောင့် ဟာသစာအုပ်ထဲမှာ သတိပေးစာလိုလို ဘာလိုလိုက ယခုလိုရေးတာပေါ့။

လက်ဆွဲအိတ်ကိုင်ထားတဲ့ ရှေ့နေတစ်ယောက်က သေနတ်ကိုင်ထားတဲ့ လူဆိုး ( ၁၀၀၀ ) ထက်ပိုပြီး လုယက်နိုင်တယ်။

မယုံရင်တော့ အမှုတစ်ခုလောက် ဖြစ်ကြည့်ပေါ့။

◆

mgyoe.com

mgyoe.com

## နောက်ကျမယ်နော်

ဘော့စ်။ အလုပ်က သိပ်အရေးကြီးနေလို့ တနင်္ဂနွေနေ့ အလုပ်ဆင်းပေးနိုင်မလား။

ရုံးစာရေး။ ရပါတယ်။ တစ်ခုတော့ ရှိတယ်၊ တနင်္ဂနွေနေ့မှာ ကျွန်တော်တို့ဘက်က ကားရှားတော့ ရောက်တာ နောက်ကျလိမ့်မယ်။

ဘော့စ်။ နောက်ကျတာကတော့ ရပါတယ်။ ဘယ်တော့လောက် ရောက်နိုင်မှာလဲ။


ရုံးစာရေး။ တနင်္လာနေ့မနက်။

ပါးနပ်လိမ္မာတဲ့ ရုံးစာရေးလို့ပဲ မှတ်ချက်ပေးရတော့မယ်။

◆

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

## အသက်ကြီးတော့ တစ်နည်းသာ

ဖလော်ရီဒါမှာပါ။

အဝေးပြေးလမ်းမကြီးဘေးက ယာတောမှာပေါ့။ ယာတောကြီးက အကျယ်ကြီး။ ယာတောထဲမှာ ရေကန်ကြီးတစ်ကန်လည်း ရှိသေးတယ်။ ယာသမားကြီးတစ်ယောက်က ရေခပ်မယ်လို့ ရေပုံးနှစ်ပုံးကိုယူပြီး ရေကန်ကြီးဘက် ထွက်လာတယ်။

ချုံအကွယ် ရေကန်ဘက်ဆီက ကောင်မလေးတွေ မြူးထူးသံကို ကြားတာနဲ့ သူ့ယာတောထဲ လူစိမ်းတွေ ရောက်နေတာကြည့်ဖို့ ယာသမားကြီးက ချုံတွေတိုးပြီး ရေကန်ဆီဆင်းလာတော့ ကောင်မလေးငါးယောက် ရေကန်ထဲမှာ ရေဆင်းချိုးနေတာပဲ။ ကောင်မလေးတွေကလည်း ယာသမားကြီးကိုမြင်သွားတော့ ထိတ်လန့်တကြား ပြန်အော်တယ်။

"ဦးလေးကြီး။ ဦးလေးကြီး ။ ဒီဘက်မလာနဲ့ ပြန်သွား"

"ဒါက ငါ့ယာတောပဲ။ ငါလာချင် လာမှာပေါ့"

"သမီးတို့က ခရီးသွားရင်း ရေဆင်းချိုးတာ။ ရေလဲမပါလို့ ကိုယ်

mgyoe.com

mgyoe.com

လုံးတီး ရေချိုးနေတာ"

"နင်တို့ဟာနင်တို့ ဘယ်လိုချိုးချိုး ငါစိတ်မဝင်စားဘူး။ ကြည့်လည်း မကြည့်ချင်ပါဘူး။ အခုငါလာတာက ဒီရေကန်ထဲမှာ ငါမွေးထားတဲ့ မိကျောင်းတွေကို အစာကျွေးဖို့လာတာ"

ဘယ်လိုဆက်ဖြစ်မယ်ဆိုတာ ကိုယ့်ဟာကိုယ်သာ တွေးကြည့်ကြပါတော့။ အသက်ကြီးတော့လည်း တစ်နည်းသာတာပါပဲ။

◆

mgyoe.com

mgyoe.com

## ဝင်ပဲဝင်စေ မထွက်စေနဲ့


ရှေ့နေသေလို့ မီးသင်္ဂြိုဟ်ရင် လျှာမီးမလောင်ဘူးတဲ့။ ရှေ့နေတွေက အပြောကောင်းတယ်၊ လျှာအရိုးမရှိတိုင်း ပြောတတ်တယ်လို့ ပြောကြတယ်။ အိမ်ခြံမြေပွဲစားနဲ့ တွေ့ဖူးသူတွေကတော့ ရှေ့နေထက် အိမ်ခြံမြေပွဲစားက အဆတစ်ရာ ပိုတာပေါ့လို့ ဆိုပါတယ်။ ကိုယ်တွေ့ ဆက်ဆံဖူးသူတွေကတော့ သိကြမှာပေါ့။

အိမ်ခြံမြေပွဲစားနဲ့ ပတ်သက်တဲ့ ဟာသလေးကို ဖတ်ကြည့်ပြီး ဘယ်သူက သာမှာလဲဆိုတာ ဝေဖန်ကြည့်ကြတာပေါ့။

အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းရုံးမှာ အလုပ်စတင်ဝင်စ စာရေးမလေးတစ်ယောက် ပွဲဦးထွက်ကောင်းပါတယ်။ မြို့သစ်က မြေကွက်တစ်ကွက်ကို မြေပုံဖြန့်ပြပြီး အာဝဇ္ဇန်းရွှင်ရွှင်နဲ့ ပြောရောင်းလိုက်တာ ဝယ်လက်က စရန်သတ်သွားတယ်။ စရန်သတ်ပြီးမှ ဝယ်လက်က မြေကွက်ကို လိုက်ပြပေးပါဦးတဲ့။ တကယ်တော့ စာရေးမလေးလည်း မြေကွက်ကို မရောက်ဖူးသေးပါဘူး။ ဒါပေမဲ့ မြေပုံပါ လိပ်စာအတိုင်း လိုက်ပြတာပေါ့။

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com


မြေကွက်ပြပြီးအပြန်မှာ အရောင်းစာရေးမလေးက အိမ်ခြံမြေ အကျိုးဆောင် မန်နေဂျာရဲ့ရုံးခန်းထဲကို မျက်စိပျက် မျက်နှာပျက်နဲ့ ဝင်လာပါတယ်။ "ဆရာ၊ မနက်က ဈေးဦးပေါက် မြေကွက်ဝယ်သွားတဲ့ ကပ်စတန်မာက အရမ်းကို ဒေါပွနေပြီရှင့်" လို့ ရောက်မဆိုက် ပြောချ လိုက်တယ်။ "ဘာဖြစ်လို့ ဒေါပွရတာလဲ" လို့ မန်နေဂျာက ပြန်မေးတယ်။ "သမီးတို့ ရောင်းပေးလိုက်တဲ့မြေကွက်က မြေပြင်မှာ ရေအိုင်ကြီးဖြစ်နေ တယ်။ အဲဒါ သမီး ငွေပြန်အမ်းပေးလိုက်မယ်နော်" လို့ စာရေးမက ပြောတော့ မန်နေဂျာရဲ့မျက်နှာက တင်းသွားတယ်။ "ငွေပြန်အမ်းမယ်၊ ဟုတ်လား"လို့ အော်တော့ စာရေးမအသစ်စက်စက်လေး ကြောက်ရွံ့လို့ တုန်တုန်ယင်ယင် ဖြစ်သွားတယ်။ "နင်တော်တော် သောက်သုံးမကျတဲ့ စာရေးမပဲ။ အဲဒီမြေကွက်ပိုင်ရှင်ကို လှေတစ်စင်းရအောင် ဆက်ရောင်း" ဆိုပြီး မန်နေဂျာက ညွှန်ကြားတယ်။

စီးပွားရှာတယ်ဆိုတာ ဝင်ပြီးသားငွေကို ဘယ်နည်းနဲ့မှ ပြန်မထွက် အောင် ထိန်းထားဖို့ရယ်၊ နောက်ထပ် ငွေထပ်ဝင်မယ့် နည်းလမ်းရှာရမယ် ဆိုတဲ့ သင်ခန်းစာကို စာရေးမလေး ရသွားပါသတဲ့။

◆

mgyoe.com

mgyoe.com

# မရှိမဖြစ်လူ ဘယ်သူလဲ

လုပ်ငန်းတိုင်းမှာ မရှိမဖြစ် အဓိကကျတဲ့လူတွေရှိသလို သိပ်အရေးမပါ အရာမရောက်တဲ့သူတွေလည်း ရှိတယ်။ လုပ်ငန်းတစ်ခုကို စီမံအုပ်ချုပ်ရတဲ့သူတွေအနေနဲ့ ကိုယ့်လုပ်ငန်းမှာ ဘယ်ရာထူး၊ ဘယ်တာဝန်တွေက မရှိမဖြစ်တွေ၊ ဘယ်ရာထူးတွေကတော့ မရှိလည်းဖြစ်တယ်ဆိုတာ သိထားဖို့ လိုပါတယ်။

အလုပ်လုပ်နေသူတွေကလည်း ကိုယ့်ရာထူးတာဝန်က အလုပ်ခွင်မှာ သော့ချက်ကျတဲ့နေရာလား၊ ဘာလားဆိုတာ သိဖို့အရေးကြီးပါတယ်။ ရှိရှိ၊ မရှိရှိ သိပ်အရေးမကြီးတဲ့နေရာမှာ လုပ်နေရရင် ကိုယ်က သိပ်အကြောတင်းချင်လို့ မရဘူးဆိုတာ သတိမူရမယ်။

ဟာသဇာတ်လမ်းက ဒီလိုပါ။

လူသားအချင်းချင်းစားတတ်တဲ့ ပေါရိသာဒ မျိုးနွယ်စုဝင် အင်ဂျင်နီယာ ငါးယောက်ကို ကာကွယ်ရေးပစ္စည်းစက်ရုံမှာ အလုပ်စတင်ခန့်ထားတယ်။ အလုပ်မဝင်ခင်မှာ အကြီးအကဲက ပေါရိသာဒ ငါးယောက်ကို သီးခြားတွေ့ဆုံပြီး အမှာစကားပြောတယ်။

mgyoe.com

mgyoe.com


"မင်းတို့ကို လစာ ကောင်းကောင်းပေးပြီး ခန့်ထားတာဖြစ်တယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် လူကြီးမင်းက ကျွမ်းကျင်သူတွေဖြစ်လို့ ခန့်ထားတာပါ။ ဆာတယ်ဆိုရင် ကဖေးဆိုင်မှာ ကြိုက်တာ ဝယ်စားလို့ ရတယ်။ အမဲသား၊ ငါး၊ သားစိမ်းငါးစိမ်းကအစ ရှိတယ်။ လုပ်ငန်းခွင်ထဲတော့ မဟုတ်တာ မလုပ်ကြနဲ့"

ပေါ်ရိုသာဒတွေလည်း ကတိပေးကြပါတယ်။

သူတို့ အလုပ်ဝင်လုပ်တာ တစ်လကြာချိန်မှာ အကြီးအကဲက လစာထုတ်ပေးတယ်။ "မင်းတို့ အလုပ်ကို ကြိုးစားလုပ်ကိုင်ကြတာ သိပ်အားရတယ်" လို့ ချီးကျူးစကားလည်း ပြောပါတယ်။

နောက်တစ်ပတ်ကြာတော့ ပေါ်ရိုသာဒငါးယောက်ကို အကြီးအကဲက သူ့ရုံးခန်းကို အရေးပေါ်ခေါ်တယ်။

"အရေးကြီးတဲ့သတင်း ပြောစရာရှိတယ်"

ပေါ်ရိုသာဒငါးယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေတယ်။ ဂနာမငြိမ်ဘူး။

"ပြောရမယ်ဆိုရင်တော့ ဂိတ်စောင့်ပျောက်နေတယ်။ မင်းတို့ သူနဲ့ ပတ်သက်ပြီး ဘာသိလဲ"

ပေါ်ရိုသာဒငါးယောက်လုံး ခေါင်းကို ပြိုင်တူခါပြီး "သိဘူး" လို့ သံပြိုင်ငြင်းကြတယ်။

အကြီးအကဲရဲ့ ရုံးခန်းထဲက ပြန်ထွက်လာတော့ ပေါ်ရိုသာဒ ခေါင်းဆောင်က စိတ်ဆိုးမာန်ဆိုးနဲ့ သူ့လူတွေကို မေးခွန်းထုတ်တယ်။ "ဘယ်ငတုံးက ဂိတ်စောင့်ကို သတ်စားလိုက်တာလဲ ပြောစမ်း"တဲ့။ စက်မှုအင်ဂျင်နီယာ ပေါ်ရိုသာဒက မျက်စိပျက် မျက်နှာပျက်နဲ့ "ကျွန်တော် ဆာတာနဲ့ ဂိတ်စောင့်ကို သတ်စားလိုက်မိတယ်" လို့ ဝန်ခံတယ်။ ပေါ်ရိုသာဒခေါင်းဆောင် ဒေါသထွက်တာပေါ့။

mgyoe.com